# ၁၉၅၇ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၄၇ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (၂) ၏—

(က) ပဌမ ခြွင်းချက်တွင် ''လုံးလုံးလျားလျားဖြစ်စေ၊ အမိကဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းများသည် ငွေချေးစာချုပ် စသည်များ ဝယ်ယူခြင်းဖြင့် ငွေကိုရင်းနှီးသော၊ သို့တည်းမဟုတ် အမြတ်အစွန်းထွက်သည့် အခြားပစ္စည်းများကို လက်ရှိထား၍ ရင်းနှီးသော လုပ်ငန်းများဖြစ်လျှင်၊'' ဆိုသည့် စကားရပ်များအစား၊ ''လုပ်ကိုင်သောလုပ်ငန်းများတွင် ငွေချေးစာချုပ်စသည်များ ဝယ်ယူခြင်းဖြင့် ငွေကိုရင်းနှီးသော၊ သို့တည်းမဟုတ် အမြတ်အစွန်းထွက်သည့် အခြားပစ္စည်းများကို လက်ရှိထား၍ ရင်းနှီးသောလုပ်ငန်းများ နည်းများမဆိုပါဝင်လျှင်၊'' ဆိုသည့်စကားရပ်များကို ထည့်သွင်းရမည်။

(ခ) ဒုတိယ ခြွင်းချက်နောက်တွင် အောက်ပါကို တတိယခြွင်းချက် အဖြစ်ဖြင့် ထည့်သွင်းရမည်။

''ထို့ပြင်၊ ပုဂ္ဂိုလ် တဦးတယောက်က၊ သို့တည်းမဟုတ် ပစ္စည်းမခွဲဝေရသေးသော ဟိန္ဒူလူမျိုး အိမ်ထောင်သားတစုက၊ သို့တည်းမဟုတ် ကုမ္ပဏီက၊ သို့တည်းမဟုတ် ကုန်သည်အစုစပ်လုပ်ငန်းက၊ သို့တည်းမဟုတ် အခြားအသင်းက၊ လုပ်ကိုင်ခြင်းများမှ ဝင်ငွေသည်၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ 'အခြားငွေဝင်လမ်းများ' ခေါင်းစဉ်အောက်၌အခွန်တော် စည်းကြပ်ထိုက်သော ဝင်ငွေမျိုးဖြစ်ခဲ့လျှင် ယင်းသို့ လုပ်ကိုင်သော လုပ်ငန်းများကို ဤအဓိပ္ပါယ်ဖေါ်ပြချက်အလို့ငှါ၊ အထက်ဆိုခဲ့သည့်လူတဦးတယောက်၊ သို့တည်းမဟုတ် အိုးအိမ်မကွဲနေထိုင်သည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားတစု၊ သို့တည်းမဟုတ် ကုမ္ပဏီတခု၊ သို့တည်းမဟုတ် ကုန်သည်အစုစပ်လုပ်ငန်း၊ သို့တည်းမဟုတ် အခြားအသင်း၏ ရောင်းဝယ်လုပ်ကိုင်မှုဖြစ်တည်ဟူ၍ မှတ်ယူရမည်။''

အဘိုး—၁၀ ပြား]။

ပ၊မ၊ဗ၊ ၇၊—အမှတ် ၉၇၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁-၅၀—၃,၂၀၀—၂။